
ခိုင်မိမိဇင်
ကြင်နာတယ်
ရင်မှာတစ်ယောက်တည်း

(၁)

အမိမဲ့သား ရေနည်းငါးသို့ ဆို၏။

အမိရောအဖပါမဲ့နေရှာသော မိုးပွင့်ဖြူကလေးကို မည်သို့ဆိုရမည်နည်း။

သောင်ပြင် အလွတ်ခံရသည့်ခွေးဟု ပုံခိုင်းနှိုင်းခံရဖို့ကိုတော့ သူ သီသီကလေးလွတ်ခဲ့ပါသည်။

ကယ်တင်ရှင် ဦးမောင်မောင်လက်ရဲ့ ကျေးဇူးကြောင့်ရယ်ပါ။

"ဦးရယ်....ကျေးဇူးကမ္ဘာပါပဲ၊ ဦးရဲ့ ကျေးဇူးတွေကို မိုးပွင့် ဘယ်တော့မှ မမေ့ဘူး၊ တစ်နေ့ကျရင် ထိုက်ထိုက်တန်တန် ပြန်ဆပ်နိုင်အောင် မိုးပွင့် အစွမ်းကုန်ကြိုးစားမှာပါ၊ ဦးကို မိုးပွင့် လူကိုမမြင်ဘူးသေးပေမယ့် သန့်စင်မွန်မြတ်တဲ့ ဦးရဲ့စိတ်ဓာတ်တွေကို မိုးပွင့် ကိုးကွယ်မိနေပါတယ်.......

"ဦး ဘာဖြစ်လို့ မိုးပွင့်ကို ဦးနဲ့ တွေ့ခွင့်မပေးသေးတာလဲ၊ မိုးပွင့်ရဲ့ရင်ထဲမှာ အတောင့်တဆုံး ဆန္ဒတစ်ခုက မိုးပွင့်ရဲ့ ကျေးဇူးရှင်ကြီး ဦးကို မိုးပွင့် အမြင်ချင်ဆုံး......

"အထူးသဖြင့် ဒီနေ့မှာ ဦးကို မိုးပွင့် ပိုလို့တွေ့ချင်တယ်၊ ဦးရဲ့ပံ့ပိုးကူညီမှုကြောင့် မိုးပွင့် နောက်ဆုံးနှစ်စာမေးပွဲကို ကောင်းကောင်းကြီး ဖြေနိုင်ခဲ့ပါပြီ......

"ဒီအကြောင်းကို မိုးပွင့်ကိုယ်တိုင် ဦးကို ပြောပြချင်လှတယ်၊ ဦးနဲ့အတူ မိုးပွင့်ရဲ့ပျော်ရွှင်မှုကို မျှဝေခံစားချင်တယ်....

"ခုတော့ မိုးပွင့် မျှော်လင့်သလောက် မပျော်မိဘူး ဦးရယ်"

"ဟဲ့....မိုးပွင့်"

"မိုးပွင့်ဖြူသည် သစ်ပင်ကြီးတစ်ပင်၏ မြစ်ဆုံတွင်ထိုင်၍ မြေပြင်ကို

တုတ်ကလေးတစ်ချောင်းဖြင့်ခြစ်ကာ အတွေးနယ်ကျွံ နေရာမှ တစ်ဦးတစ်ယောက်၏ ခေါ်သံကြောင့် ကိုယ်ကလေး သိမ့်တုန်အောင် လန့်သွားရှာ၏ ။

"အဟင်း....မင်း....မင်း....တစ်ယောက်တည်း ခြံထဲမှာလာထိုင်ပြီး ဘာတွေ စိတ်ကူးများနေတာလဲ မိုးပွင့် ဟင်"

"မှုန်ညင်းခင်းတွေရေလောင်းပြီး ခဏ အနားယူနေတာပါ နန်စီရယ်"

"တို့ မနက်ဖြန် ဖော်မှိုင်းတို့နဲ့ မြစ်ဆုံဘက်ကို အပျော်ခရီးသွားမလို့၊ နင် လိုက်မယ်မှုတ်လားဟင် ပွင့်ဖြူ"

အိမ်နီးနားချင်း သူငယ်ချင်းမလေးနန်စီက နွမ်းလျလျကလေးဖြစ်နေသော မိုးပွင့်ဖြူ၏ မျက်နှာကလေးကိုကြည့်ကာ မေးလိုက်သည်။

"ဟင့်အင်း.... မင်း တို့မလိုက်သေးပါဘူး နန်စီရယ်"

"ဟင်...ဘာဖြစ်လို့လဲ၊ ဆရာမကြီးက မလွှတ်မှာစိုးလို့လား၊ တို့ ပြောပေးမယ်လေ ပွင့်ဖြူဟင်"

"တို့ သွားချင်တယ်ဆိုရင် ကြီးကြီးခိုင်ကလွှတ်မှာပါ နန်စီ၊ တို့ကိုယ်တိုင်ကိုးက မလိုက်ချင်သေးလို့ပါ"

"ဘာဖြစ်လို့လဲ ပွင့်ဖြူ၊ ပွင့်ဖြူကိုကြည့်ရတာ တစ်မျိုးပဲ၊ စာမေးပွဲပြီးတာတောင် သိပ်ပျော်ပုံမရဘူး၊ တို့ဆိုရင် ပျော်လိုက်တာမှ အရမ်း၊ မာမာတို့ ပါပါတို့ဆိုရင်လဲ အရမ်းပျော်ကြတယ်၊ ခုကတည်းက မေးနေပြီး တို့ဘာအလုပ်လုပ်မှာလဲတဲ့"

"အဟင်း"

မိုးပွင့်ဖြူ မချိုပြုံးကလေး ပြုံးလိုက်သည်။

"မိုးပွင့်ဖြူရယ် ပြုံးတာတောင်မှ အားမရှိလိုက်တာ၊

ဘာတွေဖြစ်နေတာလဲ၊ တို့ကိုပြောပြပါဟယ်”

မိုးပွင့်ဖြူ၏ နံဘေးတွင် ကပ်၍ ထိုင်ချပြီး မိုးပွင့်ဖြူ၏ ပခုံးကလေးကိုဖတ်ကာ နန်စီက မေးနေ၏။

“ရှေ့ကို ဘယ်လို ခရီးဆက်ရမှန်းမသိသေးတဲ့ တို့မှာ ဘယ်လိုပျော်စရာ ရှိနိုင်မှာလဲ နန်စီရယ်”

“မိုးပွင့်ရယ် အားငယ်စရာမရှိ ငယ်နေပြန်ပါပြီ၊ မိုးပွင့်မှာ မိုးပွင့်ဦးလေး ဦးမောင်ရှိနေတာပါ။ မိုးပွင့်ကို သည်အထိတောင် သူ မိုးကို ကြည့်လာသေးတာပဲ.....

သူ ဥပေက္ခာပြုထားမှာ မဟုတ်လောက်ပါဘူး မိုးပွင့်ရဲ့။ ကဲ....ထ တစ်ယောက်တည်း အမျိုးမျိုးတွေးပြီး အားငယ်မနေနဲ့၊ အိမ်မှာ မာမာခေါက်ကျော်နေတယ်၊ မိုးပွင့် လိုက်စားရမယ်”

နန်စီက မိုးပွင့်ဖြူလက်ကိုဆွဲကာ ထိုင်ရာမှ အတင်းထခိုင်းနေစဉ် အိမ်ကြီးပေါ်မှာ ဒေါ်ခိုင်မေထွန်း၏ ခေါ်သံ ထွက်ပေါ်လာ၏။

“မိုးပွင့်ဖြူရေ... မိုးပွင့်ဖြူ”

“ဟော....ကြီးကြီးခိုင် ခေါ်နေပြီ၊ တို့ သွားလိုက်ဦးမယ်”

“ပြီးရင်လာခဲ့နော်၊ တို့ မစားသေးဘဲ မိုးပွင့်ကို စောင့်နေမှာ”

“အင်းပါ”

မိုးပွင့်ဖြူသည် ဒေါ်ခိုင်မေထွန်းရှိနေသော အိမ်ကြီးဆီသို့ အပြေးကလေးထွက်ခဲ့သည်။

အထက်တန်း ကျောင်းအုပ်ဆရာမကြီးပီပီ အမြဲတမ်းတည်တည် တည်တည်ကြီးနေသော ဒေါ်ခိုင်မေထွန်း၏ မျက်နှာပေါ်တွင် အလွန် ရှားပါးစွာမြင်ရခဲသော အပြုံးကို မိုးပွင့်ဖြူ တွေ့လိုက်ရသောအခါ သွက်လျင်စွာ သူ့ထံလျှောက်နေသော ခြေလှမ်းများပင် တန့်ခနဲ ဖြစ်ခဲ့ရသည်။

"မိုးပွင့်....မင်းအတွက် အင်မတန် မင်္ဂလာရှိတဲ့သတင်း ခုပဲ ဖုန်းနဲ့လာသွားတယ်"

"မိုးပွင့်အတွက် မင်္ဂလာရှိတဲ့သတင်း ဟုတ်လား ကြီးကြီးခိုင်"

"ဟုတ်တယ်၊ မင်းရဲ့ဦးဆီကလေ"

"ဟင်...ဦးဆီက ဟုတ်လား၊ ဦး...ဦးက ဘာတဲ့လဲဟင်"

မိုးပွင့်ဖြူသည် ဝမ်းသာအားရစွာဖြင့် ဒေါ်ခိုင်မေထွန်းကို မေးလိုက်သည်။

"မိုးပွင့်ကို ဦးမောင်မောင်လတ်က ရန်ကုန်ကို ခေါ်ပြီလေ"

"ဟင်...ရန်ကုန်ကို"

"ဟုတ်တယ်၊ ဒီအပတ် သောကြာနေ့ ဂျက်လေယာဉ်နဲ့ ပို့ပေးလိုက်ပါတဲ့၊ လေဆိပ်မှာ သူ့အိမ်က ယာဉ်မောင်းဦးစံတင်က ကြိုလိမ့်မယ်တဲ့....

"ဦးစံတင်က မိုးပွင့် ဓာတ်ပုံကို ပြထားလို့ မိုးပွင့် သူ့ကို မသိပေမယ့် သူက မိုးပွင့်ကို သိနေမယ်တဲ့၊ လိုလိုမည်မည် ရန်ကုန်က သူ့အိမ် ဖုန်းနံပါတ်နဲ့ ရုံး,ဖုန်းနံပါတ်ကိုလဲ မိုးပွင့်ကို ပေးလိုက်ပါတဲ့....

"လေဆိပ်မှာ ဦးစံတင်နဲ့ မိုးပွင့် မတော်တဆ လူချင်းလွဲရင်လဲ စိုးရိမ်စရာမရှိရအောင်တဲ့.....

"ဦးမောင်မောင်လတ်ဆိုတဲ့ လူက သိပ်စေ့စပ်သေချာတဲ့ လူတစ်ယောက်ပဲ မိုးပွင့်"

ဒေါ်ခိုင်မေထွန်းသည် သူ့စကားအဆုံးတွင် မိုးပွင့်ဖြူ၏ မျက်နှာကို ကြည့်လိုက်ရာ ငိုင်တွေတွေ ဖြစ်သည်ကို တွေ့ရသည်။

"ဟင်...မိုးပွင့် မပျော်ဘူးလား၊ ကြီးကြီးခိုင်ကတော့ ဒီသတင်းရလားလို့ မိုးပွင့်အတွက် သိပ်ဝမ်းသာမနေတာ....

“မိုးပွင့်ပဲ မိုးပွင့်ရဲ့ ကျေးဇူးရှင်ကြီး ဦးမောင်မောင်လတ်နဲ့ တွေ့ချင်လှချည်ရဲ့ဆို၊ ဟင်… ပြောစမ်းပါဦး”

“မိုးပွင့် ဦးကို တွေ့ချင်တာမှ အရမ်းပါ၊ ခုတင်ပဲ စိုက်ခင်းတွေ ရေလောင်းပြီး ဦးအကြောင်းကို စဉ်းစားနေတာပါ၊ ခုလို မိုးပွင့်ကို ခေါ်တဲ့အကြောင်း သိရတော့ မိုးပွင့် ဝမ်းသာလို့လဲ မဆုံးပါဘူး……

မိုးပွင့် နားမလည်နိုင်တာက ဦးရဲ့ သဘောထားကိုပါ ကိုယ့်ကျေးဇူးရှင်မို့လို့ မိုးပွင့် အခါခါ တွေ့ခွင့်တောင်းတာ သူ တစ်ခါမှ တွေ့ခွင့်မပေးခဲ့ဘူး……

တစ်လတစ်ခါ မိုးပွင့် စာမှန်မှန်ရေးတာလဲ ပြန်စာတစ်ခါမှ မရခဲ့ဘူး၊ စာကိုတောင် သူ့ဆီ တိုက်ရိုက်မရေးရဘဲ ဘဘမြတ်ဆီကတစ်ဆင့် ရေးနေခဲ့ရတာ ၊ ခုကျတော့ ဖြုန်းစားကြီး သူ့ဆီ လာခဲ့ရမယ်တဲ့၊ သူ ဘယ်လို စိတ်ပြောင်းသွားလဲ မသိဘူးနော် ကြီးကြီးခိုင်”

“ဘယ်လိုပဲပြောင်းပြောင်း ဒီ ပြောင်းလဲခြင်းက မိုးပွင့် ကံကောင်းဖို့ပဲလို့ ကြီးကြီးခိုင် ထင်တယ်၊ မိုးပွင့်သာ ဟိုရောက်ရင် လိမ်လိမ်မာမာနေပြီး ကိုယ့် ကျေးဇူးရှင်ကို တတ်နိုင်တဲ့ ဘက်ကနေ ပြန်ကျေးဇူးဆပ်ရမည်”

“ဟုတ်ကဲ့ပါ ကြီးကြီးခိုင်”

“စဉ်းစားကြည့်ရင် နည်းတဲ့ကျေးဇူးမဟုတ်ဘူး၊ မိုးပွင့်ကို ဒီဘဝ ဒီအခြေအနေထိအောင် သူ ပြုစုပျိုးထောင်လာခဲ့တဲ့ စရိတ်စက နည်းတာ မဟုတ်ဘူးကွယ့် မိုးပွင့်ရဲ့”

“ဟုတ်ကဲ့ပါ ကြီးကြီးခိုင်”

“အစ်ကိုကြီးလဲ ဒီသတင်းကိုကြားရင် ဝမ်းသာမှာပဲ”

“ဟင်…ဖုန်းက ဘဘမြတ်ဆီကလာတာ မဟုတ်ဘူးလား”

"မဟုတ်ဘူး၊ ဦးမောင်မောင်လတ်ရဲ့ အတွင်းရေးမှူးဆီကလာတာ"

"အို... ဟုတ်လား"

"အတွင်းရေးမှူးမကလေးက ပြောသွားသေးတယ်၊ သူတို့ ဆရာကြီးက သိပ်အလုပ်များတာတဲ့၊ ခုလဲ နိုင်ငံခြားနဲ့ ဖက်စပ် ဟိုတယ်ဆောက်ဖို့ ပြင်ဦးလွင်ကိုသွားတယ်တဲ့၊ မိုးပွင့်ရောက်လာရင်တောင် ချက်ချင်း သူ့ကို တွေ့နိုင်ဦးမယ် မထင်ဘူးတဲ့"

"ဟင်...ဒါ....ဒါဆို....မိုးပွင့်က ဘယ်မှာ နေရမှာတဲ့လဲ ကြီးကြီးခိုင်"

"ပူတတ်ရန်ကော မိုးပွင့်ရယ်၊ သူက မိုးပွင့်ကို ခေါ်ပြီး ပစ်စလက်ခတ်ထားမတဲ့လား၊ မိုးပွင့်အတွက် နေရာထိုင်ခင်း အားလုံး အသင့်ရှိထားနေပါတယ်လို့ သူ့ အတွင်းရေးမှူးမကလေးက ပြောပြသွားပါတယ်ကွယ့်"

မိုးပွင့်ဖြူသည် ရတ်တရက် ပူပင်သွားစိတ်များ ပျယ်ပျောက်သွားပြီး မျက်နှာကလေးသည် နှစ်လိုဖွယ်ရာ ပြုံးရွှင်ကြည်လင်လာသည်။

"မိုးပွင့်ကို ဦးက သူ့ ကုမ္ပဏီမှာ အလုပ်ခန့်ရင် သိပ်ကောင်းမှာနော် ကြီးကြီးခိုင်"

"ကြီးကြီးခိုင်ကတော့ ဆန်းမယ်လို့ကို စိတ်ထဲ ထင်နေမိတယ်၊ မိုးပွင့်က ခုဆိုရင် အသုံးချလို့ရတဲ့အရွယ်နဲ့ ပညာ အရည်အချင်းလဲ ရှိနေပြီမှုတ်လား"

မိုးပွင့်ဖြူသည် ကျေနပ်အားရစွာ ဆတ်ခနဲ ခေါင်းကလေး တစ်ချက် ညိတ်လိုက်သည်။

"ကဲ...ပြောနေ ကြာတယ်၊ မိုးပွင့် မှတ်ပုံတင်ပေးလိုက်၊ ကြီးကြီးခိုင် ကျောင်းသွားရင်းနဲ့ လေယာဉ် လက်မှတ် ဝင်စုံစမ်း လိုက်မယ်"

"ဟုတ်ကဲ့ပါ ကြီးကြီးခိုင်"

မိုးပွင့်ဖြူသည် အပြေးကလေး သူ့အိပ်ခန်းဆီသို့ သွားကာ မှတ်ပုံတင်ကို ယူပေးလိုက်၏။

"နေ့လယ်လောက်ကျရင် နန်းစီနဲ့ မိုးပွင့် ဈေးဝယ်စထွက်မယ်နော် ကြီးကြီးခိုင်၊ ဦးအတွက် လက်ဆောင်ဝယ်ဖို့ပါ"

"မိုးပွင့်က ဘာတွေများ ဝယ်သွားမလို့လဲ"

"ကချင်ပုဆိုးနဲ့ လွယ်အိတ်ရယ်၊ ဦးအတွက် သစ်ကြားသီးတို့ တယ်သီးတို့ ဝယ်မလို့ပါ"

"မိုးပွင့်မှာ ပိုက်ဆံရှိရဲ့လား၊ ကြီးကြီးခိုင် ပေးရဦးမလား"

"အို…မလိုပါဘူး ကြီးကြီးခိုင်၊ မိုးပွင့် မုန့်ဖိုးတွေ မိုးပွင့်စုထားတာ ရှိနေပါတယ်၊ ဦးအတွက် လက်ဆောင်တွေဝယ်ဖို့ လုံလောက်ပါတယ်"

"အေးအေး၊ ဒါဆိုလဲ သွားဝယ်ချည်၊ အိမ်ကို ထော်လျှန်းနဲ့ ထားခဲ့"

"ဟုတ်ကဲ့ ကြီးကြီးခိုင်"

*

## (၂)

မိုးပွင့်ဖြူသည် ဒေါ်ခိုင်မေထွန်းကို ခြံဝအထိ လိုက်ပို့ပေးပြီး သူ့ အိပ်ခန်းဆီသို့ အပြေးကလေး ပြန်လာခဲ့သည်။

သူသည် သိုသိုဝှက်ဝှက် နှစ်ပေါင်းများစွာ စုဆောင်း လာခဲ့သော နို့မုန့်ဘူး စုဘူးနှင့် ဝါးကျည်တောက် စုဘူးနှစ်ခုကိုယူကာ ရင်မှာပိုက်ပြီး ထမင်းစားခန်းဆီသို့ ထွက်ခဲ့သည်။

"အင်း…မင်းတို့ကိုပါ ဒီနေ့တော့ ခွဲပစ်ရတော့မယ်၊ ငါ ဦးကို လက်ဆောင်ပေးရမယ့် အချိန်ရောက်ပြီလေ"

မိုးပွင့်ဖြူသည် နို့မှုန့်ဘူး စုဘူးကို ဓားဦးဖြင့် ကလန့်၍ အရင် ဖွင့်လိုက်ပြီး စားပွဲပေါ်သို့ သွန်ချလိုက်သည်။

အကြွေ၊ ကျပ်တန်၊ ဆယ်တန်နှင့် ငါးကျပ်တန်များ စားပွဲပေါ်တွင် ပုံကျသွားသည်။

သွက်လျင်နေသော လက်ချောင်း ကလေးများဖြင့် ငွေများကို သူ ရေတွက်လိုက်သည်။

အားလုံးပေါင်း ငွေ တစ်ထောင်သုံးရာခန့်ကို သူ ရရှိလိုက်သည်။

"မဆိုးပါဘူး ဝါးကျည်တောက် ထဲမှာဆိုရင် ဒီထက်များနိုင်၊ အဲသည်အထဲမှာပါ ဟင်းသီးဟင်းရွက် စိုက်ရောင်းတဲ့ငွေတွေလဲ ရှိနေသေးတာ"

မိုးပွင့်ဖြူသည် ဝါးကျည်တောက် စုဘူးကို ခွဲလိုက်ပြန်သည်။

သည်ဘူးထဲမှာ ကျပ်တန်နှင့် အကြွေဆိုတာ မရှိသလောက်ရှားပါနေ၏ ။

အားတက်စွာဖြင့် ထိုငွေများကို မိုးပွင့်ဖြူ တွက်ရေလိုက်ပြန်သည်။

ဝါးကျည်တောက်စုဘူး တစ်ခုမှာတင် ငွေ သုံးထောင့်ခုနစ်ရာကို ရရှိလိုက်သောအခါ မိုးပွင့်ဖြူသည် အားရဝမ်းသာဖြစ်က ကလေးလေးကို ထမိလိုက်တော့သည်။

အိုး....ဟိုး ဝမ်းသာလိုက်တာ... ဝမ်းသာလိုက်တာ၊ ဒီပိုက်ဆံတွေနဲ့ဆိုရင် ဦးအတွက် လက်ဆောင် ကောင်းကောင်းကြီး ငါ ဝယ်နိုင်ပြီ။

မိုးပွင့်ဖြူသည် ငွေများကို အသေအချာရေ၍ ပြီး၍ သူ့ပိုက်ဆံအိတ်ကလေးထဲ သို့ထည့်လိုက်သည်။

ထို့နောက် သူသည် နံနက်ပိုင်း လုပ်ဆောင်ရမည့် အိမ်မှုတာဝန်များကို ဆောင်ရွက်လုပ်ကိုင်ပြီး တစ်ဖက်ခြံဆီသို့ ကူးခဲ့သည်။

“လာ….မိုးပွင့်တို့တောင် ခုပဲ နင့်ကို ဆင်းခေါ်တော့မလို့”လို့ နန်စီ၊ နင့်ကို ငါဝမ်းသာစကား ပြောရဦးမယ်”

“ငါလည်းလာမလို့ပါ ၊အိမ်အလုပ်ကလေးတွေ မပြီးသေးလို့ နန်စီ ၊ နင့်ကို ငါ ဝမ်းသာစကား ပြောရဦးမယ်”

“ဘာလဲဟင်…ဘာလဲ”

နန်စီက မိုးပွင့်ဖြူ၏ လက်ကိုကိုင်ကာ အငမ်းမရ မေးလိုက်သည်။

“ငါ ရန်ကုန်ကို သွားရတော့မယ်၊ ငါ….ငါ့ကို ဦးက ရန်ကုန်ကို ခေါ်လိုက်ပြီ နန်စီ”

“ဟယ်…ကြည့်စမ်း၊ ဒါကြောင့် နင့်မျက်နှာကြီး မနက်နဲ့ မတူတော့တာကို၊ ငါ နင့်အတွက် ဝမ်းသာလိုက်တာ၊ ဒါဆို နင် သိပ်တွေ့ချင်တဲ့ နင့်ဦးကို နင် တွေ့ရတော့မှာပေါ့နော်”

“အေးပေါ့”

“နင် ခု ဘွဲ့ရတော့မှာဆိုတော့ နင့်ကို နင့်ဦးက ရန်ကုန်မှာ အလုပ်ပေးမလို့နဲ့ တူတယ်နော်”

“ထင်တာပဲ၊ ဦးက ခု အလုပ်သိပ်ဖြစ်နေတယ် နန်စီရဲ့၊ ပြင်ဦးလွင်မှာ နိုင်ငံခြားနဲ့ ဖက်စပ်ဟိုတယ်ကြီး ဆောက်မလို့တဲ့၊ ခုတောင် ရန်ကုန်မှာ ရှိမနေဘူး၊ ခရီးထွက်သွားတယ်လို့ သူ့ အတွင်းရေးမှူးက ကြီးကြီးခိုင်ကို ပြောသွားတယ်”

“နင့်အတွက် ငါ သိပ်ဝမ်းသာတာပဲ မိုးပွင့်၊ အခြေအနေကောင်းရင် ငါ့အတွက် အလုပ်ကလေး ဘာလေးလဲ လုပ်ပေးဦးနော်”

“ငါ နင့်ကို မမေ့ပါဘူး နန်စီ၊ နင့်ကို ငါ ညီအစ်မလို ခင်မင်ခဲ့တာပါ၊ နင့် ငါ့ခေါင်းထဲမှာ အမြဲရှိနေမှာပါ”

“ဝမ်းသာလိုက်တာ မိုးပွင့်ရယ်“

"ဟဲ့....ဟိုနှစ်ယောက် လာကြတော့လေ၊ တစ်ခါတည်း တွေ့လိုက်ရင် စကားက အမျှင်ကို မပြတ်တော့ဘူး၊ ဒီမှာ ဟင်းခါးတွေခပ်ထားတာ အေးကုတော့မယ်"

"လာပြီ....လာပြီ မာမာရေ"

မိုးပွင့်ဖြူ၏ လက်ကိုဆွဲကာ နန်စီက ထမင်းစားခန်းထဲသို့ ခေါ်ခဲ့သည်။

"ဒီမှာ မာမာရေ၊ မိုးပွင့်က သမီးတို့ ကချင်ပြည်နယ်ကိုပစ်ပြီး သွားတော့မှာတဲ့"

"ဟဲ့...သမီးပြောတာ ဟုတ်လား မိုးပွင့်"

"ဟုတ်ပါတယ် အန်တီလီလီ၊ မိုးပွင့်ကို မိုးပွင့်ရဲ့ဦးက ခေါ်လိုက်ပြီ"

"ဟယ်...ဟုတ်လား၊ ဘယ်တော့သွားရမှာလဲဟင်"

"ခု သောကြာလေယာဉ်ပတ်နဲ့ လိုက်သွားရမှာပါ အန်တီလီလီ"

"အို....တို့များတော့ လွမ်းဦးတော့မှာပဲ"

"သိလား....မာမာ မိုးပွင့်က ဟိုမှာအလုပ်ကောင်းရင် သမီးကိုပါခေါ်မယ်တဲ့"

"ကောင်းတာပေါ့၊ သမီးကလဲသွားချင်နေတာမှုတ်လား"

နန်စီက တဟင်းဟင်း အသံထွက်အောင် ရယ်လိုက်သည်။

"အန်တီလီလီရဲ့ ခေါက်ဆွဲကြော်က ကောင်းလိုက်တာ၊ မိုးပွင့်တော့ အန်တီလီလီရဲ့ လက်ရာတွေကို သတိရနေမှာပဲ"

မိုးပွင့်ဖြူသည် သူ့အတွက် ပြင်ဆင်အားပေးသော ခေါက်ဆွဲကြော်ကို တစ်ဇွန်းခပ်၍ စားရင်း ပြောလိုက်သည်။

ဒေါ်လီလီသည် မိုးပွင့်ဖြူကို ပြုံးပြုံးကြီး ကြည့်နေ၏ ။

“အန်တီလီလီ၊ နေ့ခင်းကျရင် မိုးပွင့် ဈေးဝယ်ထွက်မလို့ နန်စီကို ခဏခေါ်သွားမယ်နော်”

“ခေါ်ပါ….ခေါ်ပါ”

“နင် ဘာဝယ်မလို့လဲ မိုးပွင့်”

“ဦးအတွက် လက်ဆောင်လေ၊ ပြည်နယ်ထွက် ပစ္စည်းကောင်းနိုးရာရာကလေးတွေပေါ့”

“ဒါဆို ဇော်မှိုင်းတို့ ဆိုင်ကိုသွား၊ သူတို့ဆိုင်မှာ ကချင်လွယ်အိတ်တွေ၊ ပုဆိုးတွေ သိပ်ကောင်းတယ်”

“အေး….တို့လဲ သွားမလို့ပါပဲ”

“နင့်အကြောင်းကို ကြားရင် ဇော်မှိုင်းလဲ အံ့သြ သွားမှာပဲ”

“ငါတကယ် သွားရမယ်ဆိုတော့လဲ ဒီသူငယ်ချင်းတွေကို ခွဲရမှာ ဝမ်းနည်းလာမိတယ်”

“ဘဝတက်လမ်းရှာဖို့ ဒီလိုပဲခွဲကြရမှာပဲဟာ၊ တို့တွေလဲ နင့်ကို လွမ်းနေကြရမှာပါ၊ မာမာ…အဲဒါ ဘာလဲဟင်”

ထမင်းစားခန်းထဲက ထွက်သွားပြီး၊ လက်တွင် အထုပ်ကလေးတစ်ခုကို ကိုင်၍ ပြန်ဝင်လာသော မိခင်ကို နန်စီက မေးလိုက်သည်။

“မိုးပွင့်အတွက် အမှတ်တရလက်ဆောင် သွားယူတာလေ၊ ရော့… မိုးပွင့် ကချင်ထဘီ အစစ်ကလေး၊ ပါပါကြီးတို့စင်က ရက်တာ”

“ကျေးဇူးတင်ပါတယ် အန်တီလီလီ”

ငွေချည်ထိုး မနောတိုင်ကလေး ပါသော ကချင်ထဘီ ကလေးကို မိုးပွင့်ဖြူက မြတ်မြတ်နိုးနိုး လက်ခံ ရယူလိုက်ပါသည်။

“ဒါက မာမာက ပေးတာ၊ နင်သွားမယ့်နေ့ မနက်ကျရင် နင့်ကို ငါအမှတ်တရလက်ဆောင် သီးသန့်ပေးဦးမယ်”

“ဒုက္ခမရှာပါနဲ့ဟယ်”

“ဘယ်က ဒုက္ခရှာတာ ဟုတ်မလဲ၊ အမှတ်တရလက်ဆောင်ဆိုတာ ပေးရတယ် မိုးပွင့်ရဲ့၊ ထပ်ထည့်ဦး... နင့် ပန်းကန်ထဲမှာ ခေါက်ဆွဲကြော် ကုန်နေပြီ”

“တော်ပြီ....နန်းစီ၊ ငါ ဝပြီ”

“နင် ဝမ်းသာလုံးဆို့ပြီး မစားနိုင်တော့တာလား”

“အဟင်း....ဟုတ်မယ်ထင်တာပဲ”

“အင်း...ဆရာမကြီးတော့ မိုးပွင့်ကလေးမရှိရင် လက်ပြတ်သလို ဖြစ်မှာပဲနော်”

“နည်းနည်းတော့ ကသိမှာပေါ့ အန်တီလီလီ”

“အောင်မလေး ပူမနေစမ်းပါနဲ့ မာမာတို့ရယ်၊ သူ့မှာ တပည့်တွေပြည့်လို့”

“ဟုတ်ပါတယ်၊ ကြီးကြီးခိုင်က မခေါ်လို့ပါ၊ ပူတာအိုကတောင် သူ့ ဆီလာနေချင်တဲ့ ကျောင်းသူတွေ အများကြီးပဲ အန်တီလီလီရဲ့”

“ဟဲ့.....သမီး ဝပြီလား”

“ဝပြီ မာမာ၊ သမီး ခုကတည်းက မိုးပွင့်နဲ့ လိုက်သွားလိုက်တော့မယ်နော်၊ ဈေးဝယ်ထွက်ပြီးမှပဲ ပြန်လာတော့မယ်”

“အေး....အေး”

“လာ....မိုးပွင့်”

မိုးပွင့်ဖြူ၏ လက်ကိုဆွဲကာ သူ့သမီး နန်းစီက ခေါ်ဆောင်သွားသည်ကို လီလီသည် ပြုံးပြုံးကြီးကြည့်၍ ကျန်ရစ်၏။

*

## (၃)

မိုးပွင့်ဖြူနှင့် နန်စီတို့ သူငယ်ချင်း နှစ်ယောက်တွင် ပြောစရာ စကားတွေက ကုန်မကုန်ပဲ ရှိနေ၏။

ယောကျ်ားလေး သူငယ်ချင်း ဇော်မှိုင်းတို့ဆိုင် ရောက်တော့ ပိုပြီး အဖွဲ့က မြိုင်ဆိုင်သွားသည်။

ဇော်မှိုင်းသည် မိုးပွင့်ဖြူအတွက် အထူးလျှော့ဈေးဖြင့် သူ့ဆိုင်က ပစ္စည်းများကို ရောင်းချပေးသည့်အပြင် ကချင်လွယ်အိတ် ငါးလုံးကိုလည်း မေတ္တာလက်ဆောင် ထည့်ပေးနေ၏။

"နင့်လက်ဆောင်က များလှချည်လား ဇော်မှိုင်းရဲ့"

နန်စီက မေးလိုက်သည်။

"ကိုယ်က တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်အောင် ပေးလိုက်တာပါ"

"ဟင်...ဘယ်လို တစ်ချက်ခုတ် နှစ်ချက်ပြတ်လဲ ဇော်မှိုင်း၊ တို့နားမလည်ဘူး"

မိုးပွင့်သည် မျက်မှောင်ကလေးစု၍ ဇော်မှိုင်းကို ကြည့်ကာ မေးလိုက်သည်။

ဇော်မှိုင်းက သဘောကျစွာ ရယ်လိုက်ပြီးမှ.....

"ဒီလိုလေ....မိုးပွင့်ရဲ့၊ နင်သွားမှာက နိုင်ငံခြားနဲ့ ဆက်သွယ် လုပ်ကိုင်နေတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးဆီကို မဟုတ်လား"

"အင်းလေ"

"အေး....တို့ ကချင်ပြည်နယ်ထွက် လွယ်အိတ်ကလေးတွေကို

နိုင်ငံခြားသားတွေကို လက်ဆောင် ပေး ပေးလေဟာ၊ ပြီးတော့ နိုင်ငံခြားမှာ တို့ပြည်နယ်ထွက် ပစ္စည်းတွေ ဈေးကွက်ရအောင် ဖန်ကြည့်ပေးပေါ့”

“ဇော်မှိုင်းတို့များ သိပ်အကွက်မြင်တာပဲ၊ ငါတောင် မတွေးမိဘူး”

“အဲဒါ နင်ညံ့တာပေါ့ နန်စီရ၊ ဒီပစ္စည်းတွေက နိုင်ငံခြားသားတွေကို စူဗီနီယာ (အမှတ်တရ) လက်ဆောင်အဖြစ် ရောင်းလို့ရတယ်”

“အေး....ဟုတ်တယ်၊ ဇော်မှိုင်းပြောတာ မှန်တယ်၊ ဘာမှ မပူနဲ့၊ ဇော်မှိုင်း အခွင့်အရေးသာတာနဲ့ ငါ နင် ပြောထားတာကို မမေ့ဘူး သိလား”

“လုပ်စမ်းပါဟာ၊ ကျယ်ကျယ်ပြန့်ပြန့်ကလေး၊ အရောင်းတွင်လာမှ တို့လဲ ကြီးပွားလာမှာဟ”

“အေးပါ၊ ငါ မမေ့ပါဘူး”

“နင်လိုချင်တာတွေ စုံပြီလား မိုးပွင့်”

“အင်း.....စုံလောက်ပါပြီ ဇော်မှိုင်း”

“နောက် လိုတာရှိလဲ စာရေးမှာနော်၊ ငါ လူကြုံနဲ့ပို့ပေးမယ်”

“အင်းပါ”

“နေပါဦး၊ နင်က လောလိုက်တာ၊ ဘယ်သွားမလို့လဲ နန်စီရ”

“ငါ မိုးပွင့်ကို အမှတ်တရ လက်ဆောင်သွားရှာဦးမလို့တဲ့၊ ဇော်မှိုင်းရဲ့”

“ဘာပစ္စည်းမို့လဲ”

“နောက်တော့ သိမှာပေါ့ဟ”

“နင်ကလဲ အချင်းချင်း ဒိုင်လျှိုနေပြန်ပြီ၊ ပြောစမ်းပါဟ”

“အဟင်း...ဟင်း....ဟင်း....မကေတို့ဆိုင်မှာ သူ့အတွက်

လက်စွပ်သွားအပ်မလို့ပါ”

“နင့်နာမည် ထိုးပေးမှာဆိုရင် ငါ့နာမည်လဲ ထည့်ဟာ”

“အင်း...သူက လာပြန်ပြီ”

“လက်စွပ် တစ်ကွင်းတည်းနဲ့ အားလုံးကို အမှတ်ရနေရင် မကောင်းဘူးလား နန်စီရ”

“အေးလေ ဒါဆိုရင် မိုးပွင့် နာမည်ကို အလယ်ကထားပြီး ဇက်၊အမ်၊စီ လို့ စာလုံးထိုးလိုက်မယ်လေ ဇော်ရယ်၊ မိုးရယ်၊ စီရယ်ပေ့ါ၊ မကောင်းဘူးလားဟင်”

“သိပ်ကောင်းတာပေါ့ဟာ”

ဇော်မှိုင်း သဘောကျသွားသဖြင့် ရယ်နေ၏ ။

မိုးပွင့်ဖြူနှင့် နန်စီတို့သည် ဇော်မှိုင်း၏ အထည်ဆိုင်မှ ထွက်ခွာပြီး သူငယ်ချင်းမတစ်ဦး ဖြစ်သော မကေကေ၏ ကျောက်စိမ်း ရတနာဆိုင်ဆီသို့ ရောက်ခဲ့ကြသည်။

“ဟယ်....မိုးပွင့်နဲ့ နန်စီတို့ လာကြ....လာကြ”

ထို သူငယ်ချင်းမ မကေကေက သူတို့ နှစ်ယောက်ကို ဝမ်းသာအားရကြိုလိုက်ပါသည်။

“ထိုင်ကြ၊ နင်တို့ ငါ့ဆီ လာကြွားကြတာလားဟင်”

“မကြွားပါဘူးဟယ်၊ အတူတူခြင်းကိုများ၊ နင်လဲ ဖြေနိုင်တာပဲမှတ်လား၊ တို့လာတာ မိုးပွင့်အတွက် အမှတ်တရ လက်ဆောင် ပေးဖို့ပါ ကေ”

“မိုးပွင့်ဖို့ အမှတ်တရ”

မကေကေက မိုးပွင့်ဖြူထံသို့ မျက်မှောက်ကလေးစု၍ ကြည့်လိုက်သည်။

“ဟုတ်တယ် ကေ၊ မိုးပွင့်က တို့တစ်တွေနဲ့ခွဲပြီး ရန်ကုန်ကို

သွားရတော့မှာ”

“ဟုတ်-ဟုတ်တယ်၊ စိတ်မကောင်းလိုက်တာ၊ တို့တစ်တွေနဲ့ ခွဲသွားလို့မရဘူးလာဟင် မိုးပွင့်”

မိုးပွင့်ဖြူ၏ လက်ကလေးနှစ်ဖက်ကို ဆွဲကိုင်၍ ကေကေက မေးလိုက်သည်။

“မိုးပွင့်လဲ ချစ်တဲ့ သူငယ်ချင်းတွေကို ခွဲမသွားချင်ပါဘူး၊ ဒါပေမယ့် မသွားလို့ကလဲ မဖြစ်ဘူးလေ၊ ဦးက ခေါ်လိုက်ပြီ”

“ဟုတ်တယ် ကေ ၊ အဲ့ဒီ ဦးက မိုးပွင့်ကို တစ်သက်လုံး ထောက်ပံ့လာခဲ့တဲ့လူဆိုတော့ မိုးပွင့် သူခေါ်တာကို မသွား ချင်လို့ ဘယ်ဖြစ်မှာလဲ”

“ဟုတ်တယ် ကေ၊ နန်းစီပြောတာ မှန်တယ်၊ မိုးပွင့် ဖေဖေ ဆုံးသွားပြီးကတည်းက မိုးပွင့် စားဝတ်နေရေးနဲ့ ပညာရေးစရိတ်ကို လိုလေသေးမရှိအောင် ဦးက ထောက်ပံ့ပေးခဲ့တာ၊ သူ့ကျေးဇူးကို မိုးပွင့် ထောက်ထားရမယ်လေ”

“စိတ်မကောင်းလိုက်တာ၊ မိုးပွင့်အနေနဲ့ ကြည့်တော့လဲ ဟုတ်တာပေ့ါ၊ ဒါနဲ့ နင်က ဘာအမှတ်တရ လက်ဆောင်ပေးမလို့လဲ နန်းစီ”

“ကျောက်စိမ်း အက္ခရာ လက်စွပ်ကလေးမှာ ဇော်ရယ်၊ မိုးပွင့်ရယ်၊ နန်းစီရယ်နဲ့ အင်နီရှယ် သွင်းထားတဲ့ လက်စွပ်ကလေးပေးချင်လို့ ကေ နာမည်လဲ ထည့်ချင် ထည့်လိုက်လေ”

“ဟင့်အင်း....မထည့်တော့ဘူး၊ နန်းစီတို့က လက်စွပ်ပေးရင် ကေက ဆွဲသီးကလေး ပေးလိုက်မယ်၊ ကေတို့ကို ချစ်ရင် အမြဲတမ်း ဝတ်ထားရမှာနော် မိုးပွင့်”

“အင်းပါ သူငယ်ချင်းတို့ရယ်”

“ဒါဆို မနက်ဖြန်ညနေ လာယူ နန်စီ၊ ကေ အပါကို လုပ်ခိုင်းထားလိုက်မယ်”

“ကျေးဇူးပဲ တို့သွားတော့မယ်၊ အိမ်က ထွက်လာတာကြာပြီ”

“အေး.....အေး”

ကေကေကို နှုတ်ဆက်ပြီး မိုးပွင့်ဖြူတို့ အိမ်သို့ ပြန်ခဲ့ကြသည်။

*